
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 672 - 685)
စာစဉ် - ၄၉

# အပိုင်း ၆၇၂
# ခန်းဝင်ပစ္စည်းထည့်ခြင်း

သို့သော်လည်း အင်ပါယာစာမေးပွဲရဲ့ ပဏာမအဆင့်က အရာရှိလမ်းကြောင်းပေါ်မှာ သက်ရောက်မှုရှိတာမို့ ခိုးချဖို့ လုပ်တဲ့သူတွေလည်း မရေမတွက်နိုင်အောင်ပင်။ ကျောင်းသားတွေကြားထဲမှာ 'ခိုတမန်'ဆိုတဲ့ ဟာသ ပြန့်ပွားနေသည်။ အရင်မင်းဆက်တုန်းက ကျောင်းသားတွေထဲမှာ ခိုတစ်ကောင် လေ့ကျင့်ပေးထားတဲ့ မိသားစုရဲ့ ကျောင်းသားတစ်ယောက် ရှိသည်။ ညတိုင်း ခိုလေးက စာမေးပွဲခန်းထဲ ဝင်ပြီး ကျောင်းသားလေးဆီ ပျံသွားသည်။ ကျောင်းသားလေးက မေးခွန်းတွေကို လက်ရေးသေးသေးလေးတွေနဲ့ ရေးပြီး ခိုရဲ့ ခြေထောက်မှာ ချည်ပေးလိုက်သည်။ ဒီလိုနဲ့ ကျောင်းသားလေးရဲ့ မိသားစုက မေးခွန်းတွေ ဖြေပေးဖို့ ပညာရှင်တစ်ယောက်ကို ငှားပြီး ခိုလေးကို ပြန်ပို့ခိုင်းလိုက်သည်။ ခိုလေးက လေးတာတွေ မသယ်နိုင်တာမို့ ပညာရှင်က စာမျက်နှာ နှစ်ဖက်လုံးမှာ အဖြေတွေ ရေးပေးလိုက်ရသည်။ ပညာရှင်က ကျောင်းသားလေး နောက်တစ်မျက်နှာမမြင်မှာ စိုးတာမို့ အရှေ့ဘက်မျက်နှာ၌ 'နောက်တစ်ဖက်မှာ ရှိသေးတယ်'ဆိုပြီး ရေးပေးလိုက်သည်။ ကံခေစွာနဲ့ ကျောင်းသားလေးက ဘာကိုမှ သတိမပြုမိဘဲ ပါလာသမျှ အကုန်ကူးချလိုက်တော့ စာစစ်တွေမိသွားခဲ့သည်...

တကယ့်ဖြစ်ရပ်မှန်လားဆိုတာ ဘယ်သူမှ သေချာ မသိပေမယ့် ကျောင်းသားတွေ တော်တော်များများကတော့ အိမ်မှာ ခိုတွေ စတင်မွေးမြူ

လာကြသည်။ ရလဒ်အနေနဲ့ အစောင့်စစ်သည်တွေ ပိုကြပ်မတ်သွားခဲ့သည်။ ညဘက်ဆို ကာကွယ်ရေးတွေ တိုးမြှင့်ပြီး လေးစစ်သည်တွေတောင် ထပ်ထည့်ထားကြသည်။ ငှက်တစ်ကောင် ပျံသွားတာနဲ့ တန်းပစ်ချလိုက်ကြသည်။ ချစ်ရသူနဲ့ အချစ်သဝဏ်လွှာ လဲလှယ်နေတဲ့ သခင်မလေးတစ်ယောက်ရဲ့ ခိုကို ပစ်မိသွားတယ်ဆိုပြီးတောင် ကောလဟာလတွေ ရှိထားသည်။

မြို့တော်အရာရှိစာမေးပွဲ ကိုးရက်တာ ပြီးသွားတော့ ရှီထုန်လေးတစ်ယောက် မျက်နှာက မောပန်းနွမ်းနယ်နေပေမယ့် စိတ်အင်အား တက်ကြွစွာနဲ့ ထွက်လာသည်။ အပြင်ဘက်မှာ သူ့ယောက်ဖ ကျွမ်းရှောင်မော့နဲ့ သူ့လက်ထောက်လေးပဲ စောင့်နေကြတာ မြင်တော့ ရှီထုန်လေးက ခဏလောက် အံ့ဩသွားပြီးမှ ဘာတွေဖြစ်နေလဲဆိုတာ သဘောပေါက်သွားခဲ့သည်။ ကျွမ်းရှောင်မော့က သူ့ဆီက စာမေးပွဲခြင်းကို ယူပြီး ပြုံးလိုက်သည်။

"ဒီနေ့က ဆယ့်ငါးရက်နေ့လေ၊ မင်းဒုတိယအစ်မရဲ့ ခန်းဝင်ပစ္စည်းထည့်ရမယ့်နေ့။ အစက မင်းအစ်မက ဒီကို ကိုယ်တိုင် လာစောင့်ပါမယ် ပြောနေလို့ တစ်မိသားစုလုံး တားထားတာ။ သူ့မွေးစားအမေကလည်း 'ခန်းဝင်ပစ္စည်းထည့်ရမယ့်နေ့မှာ သတို့သမီးမရှိလို့ မသင့်တော်ဘူး'ဆိုပြီး ပြောနေလို့လေ။ နောက်ပြီး ဧည့်သည်တွေလည်း လက်ခံရဦးမှာ။ ရာထူးမြင့်အထက်တန်းလွှာတွေ အများကြီး ရောက်နေကြတော့ တစ်မိသားစုလုံး အလုပ်ရှုပ်နေကြတာလေ။ မင်းအကြီးဆုံးအစ်မက မင်း ဖြေပြီးတော့မှာ သိလို့ ငါ့ကို သွားကြိုခိုင်းပြီး အကျိုးအကြောင်း ရှင်းပြခိုင်းလိုက်တာ"

သူ့ယောက်ဖလေး ဖြေနိုင်လား ဘာညာတော့ ကျွမ်းရှောင်မော့က မေးမနေတော့။ သူ့အမြင်မှာ ပညာရှင်ကြီးယွမ်လို ဆရာတစ်ယောက် ရှိထားတဲ့အပြင် ယောက်ဖလေးရဲ့ အရည်အချင်းနဲ့သာဆိုရင်တော့ ကောင်းကောင်း မ

လုပ်နိုင်ခဲ့မှ အံ့ဩဖို့ကောင်းနေလိမ့်မည်!

"ဒါဆို မြန်မြန် ပြန်ကြမယ်လေ! ကျွန်တော် ကူညီလို့ရတာရှိလား ကြည့်ရအောင်!"

နောက်သုံးရက်နေရင် ဒုတိယအစ်မ လက်ထပ်တော့မှာကို တွေးပြီး ရှီထုန်လေးက အနည်းငယ် စိတ်မကောင်း ဖြစ်နေသည်။ သူ့ဒုတိယအစ်မက တခြားမိသားစုထဲဝင်ပြီး ကိုယ်ပိုင်အိမ်ထောင် ထူထောင်တော့မှာပင်။ အရင်လို သူ့အနားမှာပဲ တစ်ချိန်လုံး နေပေးမှာ မဟုတ်တော့ဘူး။ ကလေးသာရှိလာခဲ့ရင် သူ့ကို မေ့သွားတော့မှာ သေချာသည်!

ထိုအကြောင်းကို တွေးမိပြီး အနည်းငယ် ရှက်ရွံ့သွားသည်! သူဟာ အင်ပါယာအရာရှိတစ်ယောက် ဖြစ်လာတော့မှာပြီး နန်းတွင်းထဲမှာ ရာထူးတစ်ခုတောင် ရတော့မှာဆိုပေမဲ့ သူဟာ အခုထိ ကလေးတစ်ယောက်လို ပြုမူရင်း အစ်မနားမှာ တွယ်ကပ်ချင်နေတုန်းပင်။ အနာဂတ်တူလေးနဲ့တောင် လိုက်ပြိုင်နေမိသည်။ သူက အရည်အချင်းရှိပြီး အကန့်အသတ်မဲ့တဲ့ အလားအလာတွေ ရှိထားတာကြောင့် လူတိုင်း လေးစားနေတဲ့ လူလေးငယ်ရော ဟုတ်သေးရဲ့လား။

ရှီထုန်လေးက ဂိတ်ပေါက်ကနေ ဖြတ်ကာ သူ့ကိုယ်ပိုင်ခြံဝင်းထဲ ဝင်သွားလိုက်ပြီး ကိုယ်လက် ဆေးကြော၊ အဝတ်အစား လဲပြီးတဲ့နောက် ဧည့်သည် လက်ခံတဲ့နေရာမှာ ကူညီပေးဖို့ ထွက်လာသည်။

ခန်းဝင်ပစ္စည်းထည့်ဝင်ပွဲကို ရောက်လာတဲ့သူတွေ အများကြီးပင်။ ဧကရီက နန်းတော်ကနေ ထွက်လာလို့ မရတာမို့ အနီးကပ် အစေခံကိုလွှတ်ပြီး လင်ဇီးမှိုပုံသဏ္ဍာန် ကျောက်စိမ်းအဆောင်အယောင်တစ်ခု ပေးပို့လာသည်။ အလယ်မှာ မြေပဲပုံစံ ကျောက်စိမ်းလေးလည်း ရှိသည်။ နောက်ကွယ်မှ အဓိပ္ပာယ်က 'စိတ်ကျေနပ်ပျော်ရွှင်ဖွယ်ရာ ဘဝကို ပိုင်ဆိုင်ပြီး ဆက်ခံသူ

တွေ မကြာခင်ရလာနိုင်စေ'ဟူ၍ ဖြစ်သည်။

တော်ဝင်မင်းသမီးကြီးကလည်း အသက်အရွယ် ကြီးရင့်နေပြီဆိုပေမယ့် ယွိအိမ်တော်ဆီ ကိုယ်တိုင်ကိုယ်ကျ ရောက်လာသည်။ သူမက ပန်းပုံစံ ထွန်းထုထားပြီး 'နှစ်ဆပျော်ရွှင်မှု' အဓိပ္ပာယ်ရှိတဲ့ ရွှေချည်နဲ့ ရစ်ပတ်ထားသော မှင်နက်ရောင် ကျောက်စိမ်းအဆောင်အယောင်ကို ပေးခဲ့သည်။ ထိုလက်ဆောင်က 'အိမ်ထောင်သည် ဇနီးမောင်နှံနှစ်ယောက် နှလုံးသားချင်း ထာဝရ ချိတ်ဆက်နေစေ' ဟု အဓိပ္ပာယ်ရသည်။

မြို့စားကတော်တင်းယွမ်နဲ့ သူ့ချွေးမကြီးကတော့ စျေးကြီးပြီး အဖိုးတန်တဲ့ ဆံထိုး အဆင်တန်ဆာ တစ်စုံဆီ ပေးလာကြသည်။ တစ်ခုက ရတနာစံအိမ်မှ ထုတ်ကုန်ဖြစ်ပြီး လူတွေ မျက်စိ ကြိမ်းသွားနိုင်လောက်တဲ့အထိ တဖျက်ဖျက် တောက်ပနေသော စိန်တွေ ထည့်သွင်းထားသည်။ နောက်တစ်စုံကတော့ ပညာရှိကျောက်စိမ်းနန်းတော်က ဖြစ်ပြီး ကြည်လင်နေတဲ့ အနီရောင် ကျောက်စိမ်းနဲ့ လုပ်ထားကာ တောက်ပြောင်ပြီး မယုံနိုင်လောက်အောင် လှပနေသည်။ ဒီနှစ်ယောက်က စျေးကြီးကြီး လက်ဆောင်တွေ ပေးပို့လိုက်တာ အံ့ဩစရာမရှိပါပေ။ ရှောင်ချောင်းသာ ကုမပေးခဲ့ရင် မြို့စားတင်းယွမ်အိမ်တော်မှာ မြေးလေးတွေရှိလာမှာ မဟုတ်ဘူးလေ။ အခုဆို အိမ်တော်မှာ မုန်လာဥလေးတွေ

ပြေးလွှားနေကြပြီ။

ဆက်ခံသူရဲ့ ဇနီးက အကြီးဆုံးမြေးကို မွေးပြီးတဲ့နောက်မှာတောင် နောက်လေးနှစ်အတွင်း ကိုယ်ဝန်သုံးကြိမ်တောင် ဆောင်ခဲ့ပြီး နဂါး-ဖီးနစ်စုံတွဲလေးတောင် မွေးပေးခဲ့သည်။ အခုဆို မြို့စားတင်းယွမ်အိမ်တော်က ခေါင်းမော့ရင့်ကော့နေနိုင်ပြီပင်။ မြို့စားကတော်ကလည်း မြေးထိန်းရင်း အင်အားတက်ကြွနေကာ အသားအရေလည်း ကောင်းလာသည်။ သူမက

ကျန်းမာရေး ထိန်းသိမ်းဖို့တောင် စတင် စိတ်ဝင်စားလာပြီး ဆေးဖက်ဝင် ဟင်းလျာဆိုင်ကနေ ဟင်းပွဲတွေ နေ့တိုင်း မှာစားလေ့ရှိသည်။ သူမ ပြောစကားအရ သူ့ချွေးမတစ်ယောက်တည်းနဲ့ မြေးငါးယောက်လုံး မထိန်းနိုင်တာမို့ သူမလည်း ကျန်းမာနေမှ ဖြစ်မယ်တဲ့လေ။ သူမမြေးတွေ အကုန်လုံး အရွယ်ရောက်၊ အိမ်ထောင်ရက်သားကျတဲ့အထိ အသက်ရှင်ပြီး မြစ်လေးတွေ ရတဲ့အထိတောင် နေချင်နေနိုင်မှာ။

မြို့စားကတော်က သူတို့အိမ်တော်ရဲ့ ကျေးဇူးရှင်အား ကျေးဇူးဆပ်ဖို့ အခွင့်အရေးကို စောင့်နေခဲ့တာ ကြာပြီပင်။ သို့ပေမယ့် ရှောင်ချောင်းက တော်ဝင်မင်းသားယန်နဲ့ ချိတ်ဆက်မိပြီး တော်ဝင်မင်းသားယန်ကလည်း သူ့လုပ်ဆောင်ချက်တွေကြောင့် အင်ပါယာမင်းသားရှုအဖြစ် ရာထူးတိုးခံလိုက်ရသည်။ သူတို့အိမ်တော်က အမြင့်ကို တက်ချင်နေပါတယ်ဆိုပြီး လူပြောခံရမှာ စိုးတာမို့ လူမှုရေးပွဲတွေမှာ တွေ့တာကလွဲပြီး ရှောင်ချောင်းနဲ့ နီးနီးကပ်ကပ် မနေမိဖို့ ကြိုးစားခဲ့သည်။ နောက်ဆုံးတော့ အခု အခွင့်အရေး ရောက်လာခဲ့ပြီ။ ထိုမိန်းကလေးကို ဘယ်လောက် အလေးထားကြောင်း ဒီမင်္ဂလာပွဲမှာ ပြသရမည်။

မြို့စားကတော်တင်းယွမ်ရဲ့သမီး၊ ရှောင်ချောင်းရဲ့ သူငယ်ချင်းဖြစ်တဲ့ ဟယ်ဝမ်နင်လည်း ရောက်ရှိလာသည်။ ဟယ်ဝမ်နင်က မီးဖွားပြီးကာစဖြစ်ပြီး ခန္ဓာကိုယ်ကောက်ကြောင်းတွေလည်း အရင်ကထက် ပိုသိသာလာသည်။ နောက်ပြီး မိခင်အငွေ့အသက်တွေတောင် မြင်နေရသည်။ ဟယ်ဝမ်နင်ကလည်း ရှောင်ချောင်းရဲ့ ခန်းဝင်ပစ္စည်းအတွက် ဆံပင်အဆင်တန်ဆာတစ်စုံ ပေးခဲ့ပြီး ထိုအရာက လက်ဝတ်ရတနာကို အသက်ဝင်စေတဲ့ တောက်ပတဲ့ ပန်းရောင်သလင်းကျောက်နဲ့ အလှဆင်ထားသည်။ ရတနာစံအိမ်ရဲ့ ထုတ်ကုန်တစ်ခုပင်။

သလင်းကျောက်က ခေတ်သစ်အချိန်အခါမှာဆိုရင် ဈေးမကြီးပေမယ့် ဒီဘက်ခေတ်မှာတော့ နိုင်ငံတကာ သဘော်တွေနဲ့ တင်သွင်းရသည့် ပစ္စည်းတစ်ခုဖြစ်သည်။ ရှားပါးလေ၊ အဖိုးတန်လေဖြစ်ပြီး သလင်းကျောက်ဆိုတာက ဖောက်ထွင်း ကြည်လင်နေတဲ့အပြင် တောက်ပပြီး အရောင်တွေလည်းလှသည်။ ပန်းရောင်သလင်းကျောက်ကတော့ မိန်းမပျိုလေးတွေရဲ့အသည်းစွဲပင်။ ရတနာစံအိမ်မှာ ပန်းရောင်သလင်းကျောက် ဆံထိုးတစ်ခုကို လျှန်ထောင်ဂဏန်းလောက် ကျသင့်ပြီး လူတိုင်း လိုချင်သည့် အရာလည်း ဖြစ်သည်။ ဒါ့ကြောင့်မို့ အဆင်တန်ဆာတစ်စုံလုံးဆိုရင် ပိုပြီးတောင်အဖိုးတန်သည်။

ရှောင်ချောင်းရဲ့ နောက်ထပ်သူငယ်ချင်း ယွမ်ရွှယ်ယန်က ကိုယ်ဝန်ဆောင်ထားရတာမို့ ရှေးခေတ် အယူသီးမှုအရ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်က သတို့သမီးနဲ့ မတွေ့သင့်ပေ။ ထို့ကြောင့် သူမက ကိုယ်တိုင် မလာနိုင်ဘဲ လျှန်ထောင်ချီတန်ဖိုးရှိတဲ့ ပတ္တမြားလက်ဝတ်ရတနာ တစ်စုံကို ပို့ပေးလာသည်။

ယွမ်ရွှယ်ယန်က လွန်ခဲ့တဲ့ နွေဦးမှာ လက်ထပ်ထိမ်းမြားခဲ့တာဖြစ်ပြီး သတို့သားက မြို့စားရန်ကောရဲ့ ဒုတိယသား နင်းသုန့်လန်ပင်! ထိုဖြစ်ရပ်က ရှောင်ချောင်းနဲ့ ဟယ်ဝမ်နင်ကို မျက်လုံးပြူးသွားစေသည်။ အဲ့နှစ်ယောက်ဘယ်တုန်းက ဘယ်လိုများဖြစ်သွားတာလဲ။ ဘာအရိပ်အမြွက်မှလည်း မသိလိုက်ရဘူး။

သူတို့နှစ်ယောက် ယွမ်ရွှယ်ယန်ကို စစ်မေးကြတော့ သူမက မထင်မှတ်ထားစွာ ပြောလာသည်။

"အမျိုးသမီးတစ်ယောက်က လက်ထပ်ထိမ်းမြားတာကို မရှောင်လွှဲနိုင်မှတော့

သဘောမကျတဲ့သူ မဟုတ်သရွေ့ ဘယ်သူ့ကိုပဲ လက်ထပ်ထပ် အတူတူပါပဲလေ။ ငါ့စိတ်နေစိတ်ထားက အေးစက်ပြီး နင်းသုန့်လန်ကတော့ တခြားသူတွေကို နွေးထွေးတယ်လို့ ခံစားရစေတယ်။ တစ်ဘဝလုံး အတူ ကုန်ဆုံးသွားဖို့က ပြဿနာ

မရှိလောက်ပါဘူး။"

ရှောင်ချောင်းက သူမ စိုးရိမ်နေတာတွေကို ကျူးကျွင်းယန်အား တစ်ခါပြောပြဖူးပြီး လက်ထပ်ပြီးကာစ ဇနီးမောင်နှံနဲ့ အချိန်တစ်ချို့ သွားဖြုန်းကာ စောင့်ကြည့် လေ့လာခဲ့သေးသည်။ အသစ်စက်စက် ဇနီးမောင်နှံက တစ်ယောက်ကို တစ်ယောက် လေးစားပြီး ဂုဏ်သရေရှိ ဧည့်သည်တွေလို ဆက်ဆံကြသည်။ အဆင်ပြေနေကြတဲ့ပုံပါပင်။ ရှောင်ချောင်းတွက်ချက်ထားတာက အစ်မယွမ်ရဲ့ စရိုက်နဲ့ဆိုရင် သူတို့အချင်းချင်း ပေါ့ပေါ့ပါးပါး ဆက်ဆံနိုင်ဖို့တော့ အချိန်တချို့ ယူရလောက်သည်။ ဒါပေမဲ့ နန်းသုန့်လန်ကလည်း သူလုပ်ချင်တာ မှန်သမျှ ချောမွေ့ပြီး ဘယ်အရာမဆို ကောင်းကောင်းလုပ်နိုင်တာမို့ ရေခဲဆောင်ကြီးကို အနိုင်ယူဖို့လည်း ရလောက်မှာပါပေ့။ မကြာခင်မှာပဲ ကိုယ်ဝန်ဆောင်သွားလိမ့်မယ် လို့တော့ သူမ တွက်မထားမိဘူး!! ကလေးမွေးပြီးတာနဲ့ သူတို့နှစ်ယောက် ဆက်ဆံရေးလည်း ပိုအဆင်ပြေသွားလောက်မှာပါ။

ထိုသို့နှင့် သူငယ်ချင်းတွေတစ်ယောက်ပြီး တစ်ယောက် ပွဲတက်လာကြသည်။ တော်ဝင်မင်းသမီးမင်လန်၊ ယွီဝမ်ချင်းနဲ့ ညီအစ်မနှစ်ယောက်၊ လီမုန့်ရှုနဲ့ လီမုန့်ချီတို့ အားလုံး ရောက်လာကြသည်။ ထို့အပြင် ဖန်းမိသားစုရဲ့ဆွေမျိုးတွေကလည်း ကြင်ယာတော်မင်းသမီးရှုရဲ့ ရှေ့မှာ မျက်နှာပြနိုင်အောင် သူတို့သမီးတွေကို ခေါ်ပြီး ရောက်လာကြသည်။ ထို့အပြင် ရှောင်ချောင်းနဲ့ အဆက်အဆံ နည်းနည်းပဲရှိတဲ့ သခင်မလေးတွေလည်း တစ်

ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

ထိုညနေခင်းမှာ ပစ္စည်းတွေ ဘယ်လောက်တောင် ရလဲဆိုတာတွေ့တော့ ယွီရှောင်ချောင်းက တမင်သက်သက် လောဘကြီးတဲ့ အမူအရာလုပ်ပြီး ပြောလိုက်သည်။

"ချမ်းသာပြီဟေ့၊ ချမ်းသာပြီ! နောက်ထပ် အကြိမ်နည်းနည်းလောက်သာ ထပ်လက်ထပ်လိုက်ရင်တော့ မြို့တော်ရဲ့ အချမ်းသာဆုံး အမျိုးသမီး ဖြစ်သွားမှာပဲ…အား အိုး!"

ပြောလို့ မပြီးခင်မှာပဲ နှစ်ချက် အခေါက်ခံလိုက်ရသည်။ သူမ လှည့်ကြည့်လိုက်တော့ အမေနဲ့ မွေးစားအမေနှစ်ယောက်လုံး ရှုပ်ထွေးတဲ့ အမူအရာတွေနဲ့ ကြည့်နေတာကို မြင်လိုက်ရသည်။

အမျိုးသမီးလျိုက သက်ပြင်းချလာသည်။

"အစ်မရှု အဲ့မှာသာကြည့်တော့။ အိမ်ထောင်ရှင်မ တစ်ယောက်တောင် ဖြစ်တော့မယ် အခုထိ အဆင်အခြင်မဲ့ ပြောနေတုန်း။ သာမန်လူတစ်ယောက်ကို လက်ထပ်လိုက်ရင်တော့ ဘာမှမဖြစ်ပေမယ့် အခုက အင်ပါယာမင်းသားရှုလေ။ ကျွန်မတော့ မစိုးရိမ်ပဲကို မနေနိုင်ဘူး!!"

သခင်မဖန်းက ရှက်ဝဲဝဲနဲ့ ခေါင်းပွတ်နေတဲ့ ကောင်မလေးကြည့်ပြီး အမျိုးသမီးလျိုကို နှစ်သိမ့်လိုက်သည်။

"အစ်မ အတွေးလွန်နေတာပါ! အင်ပါယာမင်းသားရှုက ကျွန်မတို့ သမီးကို စိတ်ရင်းနဲ့ ဆက်ဆံတာလေ။ နောက်ပြီး သမီးအကြောင်း မသိတာလည်း မဟုတ်ဘူး။ သူလည်း ရင်းနှီးတဲ့သူတွေ ရှေ့မှာမှ ပေါ့ပေါ့ပါးပါး လျှောက်ပြောတတ်တာပါ၊ အပြင်မှာဆို မဆင်မခြင် လျှောက်မပြောတတ်ပါဘူး။ ဒါပေမဲ့နော် ရှောင်ချောင်း ကံဆိုးမှုတွေ မကျအောင်လို့ ဒီနှစ်ရက်၊ သုံး

ရက်တော့ ပါးစပ်စည်းစောင့်ဦး! တစ်ကြိမ်ထက် ပိုလက်ထပ်မယ်ဆိုတာမျိုး ဘယ်လိုတောင် ပေါပေါ့တန်တန် ပြောရဲရတာလဲ"

နောက်ဆုံးစကားနှစ်ခွန်းကို အလေးအနက်ထား ပြောလိုက်သည်။ ရှောင်ချောင်းတစ်ယောက် နောင်တရတဲ့ အမူအရာနဲ့ နာနာခံခံ ခေါင်းငုံ့ထားတာမြင်တော့ ရှောင်လျန်နဲ့ ယောင်းမလျိုဟွေ့ဖန်းလည်း မနေနိုင်တော့ဘဲ ကာပြောပေးလာကြသည်။

အမျိုးသမီးလျိုက ထပ်ခါထပ်ခါ သတိပေးလိုက်ပြီး ခန်းဝင်ပစ္စည်းတွေပြည့်နှက်နေတဲ့ အခန်းကြီးကို စိုးရိမ်စွာ ကြည့်လိုက်သည်။

"ဒီရက်တွေထဲ ခန်းဝင်ပစ္စည်းတွေအကြောင်း ဆွေးနွေးရင်း ခေါင်းဖြူမတတ်ပဲ။ ပစ္စည်းတွေအကုန်လုံး သေတ္တာအလုံးတစ်ရာ့ နှစ်ဆယ့်လုံးထဲထိုးသိပ်ထည့်နိုင်အောင် လုပ်ပြီးတုန်း ရှိသေးတယ်၊ အခုတော့ ခန်းဝင်ပစ္စည်းတွေ ထပ်ရောက်လာပြန်ပြီ။ ဘာဆက်လုပ်ကြမလဲ"

သခင်မဖန်းကလည်း စိုးရိမ်စိတ်နဲ့ မျက်မှောင်ကြုပ်ရင်း ပစ္စည်းတွေနဲ့ပြည့်နေတဲ့ အခန်းကြီးကို ကြည့်နေသည်။ သူမကပါ သက်ပြင်းချပြီး ပြောလာသည်

"အဆက်အသွယ် အများကြီး ရှိတာကလည်း ဝန်ထုတ်ဝန်ပိုးပါပဲလား! မိတ်ဆွေ၊ သူငယ်ချင်းတွေကပဲ ပေးရင် တော်သေးတယ်။ ဒါပေမဲ့ အခုကဧကရီ၊ တော်ဝင်မင်းသမီးကြီး၊ မြို့စားကတော်ရန်ကော၊ မြို့စားကတော်တင်းယွမ်၊ အမတ်ချုပ်ကတော်... အာ ဒါတွေအကုန်လုံးကို သေတ္တာတစ်လုံးထဲ ဆန့်အောင် ထည့်ရဦးမယ်။ ကြည့်ရတာ ပစ္စည်းတွေအကုန်ပါအောင် သေတ္တာတွေ ပြန်ချရဦးမယ် ထင်တယ်"

"ဒါဆို ဘာဆက်လုပ်ရမှာလဲ။ သေတ္တာတစ်ရာနှစ်ဆယ်လုံးကို မှတ်မိအောင် ဦးနှောက်ကို ဆွဲဆန့်ပြီး တစ်ခုချင်းစီ လိုက်ထည့်ရမှာလား။

နောက်ပြီး ဒါတွေ အကုန်ထည့်ရလောက်အောင် နေရာလွတ် ဘယ်မှာ သွားရှာရမှာလဲ"

တခြားသူတွေကတော့ ခန်းဝင်ပစ္စည်း လုံလုံလောက်လောက် မရှိလို့ စိုးရိမ်ပူပန်နေရသည်။ ခန်းဝင်ပစ္စည်း အများကြီး ရှိတာကလည်း စိုးရိမ်စရာတစ်ခုပင်။

တစ်ဖက်မှာတော့ ယွီရှောင်ချောင်းက ဒီပြဿနာက သူနဲ့မဆိုင်သလို အေးအေးဆေးဆေး ပြောလာသည်။

"အကုန်မဆန့်ရင် ထားခဲ့မယ်လေ! ဂိတ်ပေါက်ဆီ ရောက်ရင် အကုန် ချရေမှာမှ မဟုတ်တာ! အခုဆို သမီးက ချမ်းသာခြင်းနတ်ဘုရားဆိုတာ ဘယ်သူမသိလို့လဲ။ သမီးကို လက်ထပ်တာက ရွှေတောင် အကြီးစားကြီးကို လက်ထပ်တာနဲ့ အတူတူ…အား အိုး!!! အမေ ရိုက်ပြန်ပြီ! သမီးကျိုးသွားရင် အင်ပါယာမင်းသားရှုကို ဘယ်လိုသွားပြောမှာလဲ"

"နင်လောက် အရှက်မရှိ ကြွားဝါနေတဲ့သူမျိုး ထပ်ရှိမှာ မဟုတ်တော့ဘူး။ အမေက ဘယ်သူ့အကျိုးအတွက် စိုးရိမ်နေတာလဲ? နင့်အတွက် မဟုတ်ဘူးလား! အင်ပါယာမင်းသားရှုက တင်တောင်းပစ္စည်းတွေ အများကြီး ပို့ပေးထားတာ။ အမေတို့ကသာ ခန်းဝင်ပစ္စည်း နည်းနည်းပဲ ယူသွားရင် လူတွေ ဘာပြောကြမလဲ!"

ယွီမိသားစုက ကိုယ်ပိုင်အကျိုးအတွက် အင်ပါယာမင်းသားရှုရဲ့ ပေါင်ကို ဖက်တွယ်ထားတယ်ဆိုတဲ့ ကောလဟာလတွေကြောင့် အမျိုးသမီးလျိုက အတော်စိတ်ဆိုးနေသည်။ သူမသမီးက ဘယ်နေရာမှာများ အင်ပါယာမင်းသားရှုနဲ့ မလိုက်ဖက်လို့လဲ။ အင်ပါယာမင်းသားရှုက အသက်ကြီးပြီး ထူးဆန်းတဲ့ စရိုက်ရှိတာကို သူမသမီး ဖွဲ့မယူတာကပဲ ကောင်းလွန်းနေပြီ။ သူသာ ရှောင်ချောင်းအပေါ် စစ်မှန်ရိုးသားနေလို့ မဟုတ်ရင် သမီးလေး သူနဲ့

လက်ထပ်မှာကို သူမ ပျော်မှာမဟုတ်ဘူး။

"သူများတွေပြောတာ ဘာလို့ဂရုစိုက်ရမှာလဲ။ သမီးအမြင်တော့ ဆိုင်တွေနဲ့ အိမ်တော်တွေကို အကိုကြီးနဲ့ မောင်လေးအတွက် ချန်ထားသင့်တယ်။ တစ်ယောက်က မိသားစုစီးပွားရေး ဆက်ခံပြီး တစ်ယောက်က အရာရှိလောကထဲ ဝင်တော့မှာလေ။ နှစ်ယောက်လုံး ပိုင်ဆိုင်မှုများများစား ရှိမထားသင့်ဘူးလား"

သူမမိဘတွေက ပိုင်ဆိုင်မှုကို လေးပိုင်းခွဲပြီး တစ်ပိုင်းကို သူမရဲ့ ခန်းဝင်ပစ္စည်းထဲ ထည့်ပစ်တဲ့အပေါ် ရှောင်ချောင်းက အမြဲ ဆန့်ကျင်နေသည်။ အကိုကြီးနဲ့ မောင်လေးက မိသားစုရဲ့ အနာဂတ်တွေ။ သူမ မိဘတွေက ဒီစည်းစိမ်တွေရဖို့ ဒုက္ခသုက္ခခံပြီး ရှာထားရတာ။ အကိုကြီးရယ်၊ မောင်လေးရယ်၊ အနာဂတ် မြေးလေးတွေရယ်ကို မပေးသင့်ဘူးလား။

***